# ပုဂ္ဂလိကသစ်တောစိုက်ခင်းများ မြေငှားရမ်းခပေးသွင်းခြင်းဆိုင်ရာ

# အသိပေးကြေညာချက်

သစ်တောဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိသည့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ သစ်တောဖုံးလွှမ်းမှု နည်းပါးသည့် တောနိမ့်၊ တောပျက်များနှင့် သဘာဝအလျောက် ပြန်လည်ရှင်သန်ဖွံ့ဖြိုးရန် မလွယ်ကူသည့် သစ်တောဧရိယာများကို သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန်နှင့် သစ်တောကဏ္ဍတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရန် ရည်ရွယ်၍ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို ကုမ္ပဏီ/ လုပ်ငန်းရှင်/ အဖွဲ့အစည်းများသို့ ၂၀၀၆ ခုနှစ်မှ စတင်၍ တည်ထောင်ခွင့်ပြုလျက်ရှိပါသည်။

သစ်တောမြေအတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိကြသည့် ကုမ္ပဏီ/လုပ်ငန်းရှင်/အဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း အမျိုးအစားအလိုက် မြေငှားရမ်းခများကို သတ်မှတ်နှုန်းထားများအတိုင်း နှစ်စဉ်ဘဏ္ဍာနှစ်အတွင်း ပေးသွင်းရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပေးသွင်းရမည့် မြေငှားရမ်းခများကို ဘဏ္ဍာနှစ်အတွင်း ပေးသွင်းခြင်းမရှိပါက သတ်မှတ်ထားသည့် ရက်လွန်ဒဏ်ကြေးငွေများပေးဆောင်ရမည်ဖြစ်ပြီး ပေးသွင်းခြင်းမရှိပါက ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ စာချုပ်ပါ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိကြသည့် ကုမ္ပဏီ/လုပ်ငန်းရှင်/အဖွဲ့အစည်းများအနေဖြင့် (၃၁-၃-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ပုဂ္ဂလိကသစ်တော စိုက်ခင်းတည်ရှိရာ ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနများသို့ ဆက်သွယ်ပေးသွင်းကြရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်ရုံး ၊ သစ်တောဦးစီးဌာန

ဖုန်း- ၀၆၇၃-၄၀၅၁၁၁

**သစ်တောဦးစီးဌာန**